မြန်မာနိုင်ငံသားများဘဏ်

**MCB**

Myanmar Citizens Bank

+951 255 883, 255 885

info@mcb.com.mm

www.mcb.com.mm

ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ မတ်လ၊ (၂၀) ရက်

# ဘဏ်ခွဲအသစ် ဖွင့်လှစ်ခြင်းအား အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ (၅၈) ခုမြောက် ဘဏ်ခွဲဖြစ်သော **တောင်ဒဂုံဘဏ်ခွဲ** အား (၂၆-၃-၂၀၂၅) ရက်နေ့ နံနက်ပိုင်းမှစ၍ ဘဏ်ခွဲဖွင့်လှစ်မည်ဖြစ်ပြီး ဖွင့်လှစ်သည့်နေ့မှစတင်ကာ ဘဏ်လုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံသူများနှင့် အစုရှယ်ယာရှင်များသို့ အသိပေး ကြေညာအပ်ပါသည်။ အဆိုပါဘဏ်ခွဲအား **မြေကွက်အမှတ် (၁၆)၊ ပြည်ထောင်စုလမ်း၊ (၂၅) ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ပြည်ထောင်စုလမ်းမကြီး၊ ရန်ကုန်တိုင်းဒေသကြီး** တွင် ဖွင့်လှစ်ပြီး ဘဏ်ဝန်ဆောင်မှု လုပ်ငန်းများအား ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ ယင်းဘဏ်ခွဲသည် မြန်မာနိုင်ငံသားများဘဏ်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် (၂၀) ခုမြောက် ဖွင့်လှစ်သည့် ဘဏ်ခွဲဖြစ်ပါသည်။ ဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်ခြင်းကြောင့် ဒေသခံပြည်သူများ ငွေကြေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် လုံခြုံစိတ်ချရမှုရှိခြင်း၊ ငွေကြေးဆိုင်ရာလုပ်ငန်းများကို အချိန်နှင့်တပြေးညီ ဆောင်ရွက်နိုင်ပြီး ရန်ကုန်တိုင်းဒေသကြီးနှင့် နိုင်ငံတော်၏ စီးပွားရေးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

မြန်မာနိုင်ငံသားများဘဏ်လီမိတက်